■ စုံမြိုင်ယံ .. ရွက်သစ်ဦးတွေက မြူးကွန့်.. လူးလွန့်.. ဖူးညွှန့်ကစီ မြရည်လိမ်း .. ပြန်စုံ မြိုင်ယံ ရွက်သစ်ဦးတွေက မြူးကွန့်.. လူးလွန့်.. ဖူးညွှန့်ကစီ မြရည်လိမ်း .. ပြန်စိမ်း ဖန်ဝါ.. ရွှေဝနာ မွေသာစေရန် (ဥဩ.. ဥဩ.. ဥဩ.. သံချို.. သံချို .. ဆင့်လောင်း..)၂ တင့်ကောင်းတင့်လှ ပေ.. ဟန် ထွေရာစိတ်ကူး ထူးစွာပဖန် .. ထွေရာစိတ်ကူး.. ထူးစွာပဖန်.. သဘာဝအမှန်..

■ ပင်စုံအောက်ကို.. ရောက်ခဲ့ပြန်.. ရွက်ခြောက်ကို နင်းမိတော့.. ပြင်းသည့်အသံ .. မြိုင်ယံ ဆူဝေ လူခြေတိတ်ပေမယ့် . . မဆိတ်အောင်ညံ . . တစ်ကိုယ်ရည် မယ့်နား.. လှည့်စားကြပြန်.. လှည့်စားကြပြန် လွမ်းအောင်ဖန်.. ဖြေသော် ပြေဘူး .. လေရူးကလေးထန်.. နွေဦးတေးသံ . . .

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နွေဦးတေးသံ

တေးရေး–ရန်နိုင်ဆွေ
တေးဆို–မေလှမြိုင်




www.burmeseclassic.com

www.burmeseclassic.com


# နှင်းတွေဝေမှဖြင့်

တေးရေး – တပ်ကြပ်ကြီးသိန်းမြင့်



တပ်ကြပ်ကြီးသိန်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



# နှင်းတွေဝေမှဖြင့်

တေးရေး – တပ်ကြပ်ကြီးသိန်းမြင့်

■ လေပြန်လောင်း.. ဟေမာန်ဆောင်း.. ရာသီချိန်ဝယ်.. နှင်းတွေဝေမှဖြင့် ကွယ် .. နှင်းတွေဝေမှဖြင့် ကွယ် .. လျှမ်းလက် ဖျန်းပက် .. နှင်းစက် ငွေရည် .. ဟိုဒီ မြူးကြ .. လူးလာယှက်သန်း ထက်နန်း အာကာဝယ် ..

■ စိမ်း ရောင် စို .. တောင်ညိုက မှိုင်း .. သီတာခွေလို့ .. ရေပတ်လည်ဝိုင်း ... တည့် မွန်း နေ ခြည် .. ဖြာ မှ နွေး မယ် .. တည့် မွန်း နေ ခြည် .. ဖြာ မှ နွေး မယ် .. မြောက် လေ ခါ ခါ သွေး ချမ်း တုန် လို့ အေး .. တယ် ဝသန် နှောင်း .. ဒီလို ဆောင်းအခါမယ် ... နှင်းပက်ဖြန်းသည် .. ပန်းခိုင်စပယ် ပေါ်စမှာ လည်း .. မျှော် .. မျှော်ရ .. ပြီ .. ကွယ် ...

www.burmeseclassic.com

www.burmeseclassic.com


# နှင်းတွေဝေမှဖြင့်

တေးရေး-တပ်ကြပ်ကြီးသိန်းမြင့်




www.burmeseclassic.com

www.burmeseclassic.com


# နက်ဖြန်သို့မဟုတ် ဘယ်သောအခါ

တေးရေး – ကိုလေးညွန့်
တေးဆို – ထား



ကိုလေးညွန့်



ထား

www.burmeseclassic.com

www.burmeseclassic.com



# နက်ဖြန်သို့မဟုတ် ဘယ်သောအခါ

တေးရေး – ကိုလေးညွန့်
တေးဆို – ထား

■ မောင့် . . မေတ္တာတရား . . ဦးထိပ်မှာထား . . ပန်ကြားလိုသူပါ ဒီ . . . အသက် . . . ဒီ . . . ခန္ဓာ . . . အိုးစားမကွဲသမျှ . . ကာလပတ်လုံး . . အရှုံးနဲ့ဆိုလည်း စောင့်မျှော်နေဦးမှာ . . ဟို တေးအိုတစ်ပုဒ်တော့ . . အတူတူဆိုကြည့်ချင်သေးတာ . . နက်ဖြန် . . နက်ဖြန် . . (သို့မဟုတ်) . . ဘယ်သော အခါ . . .

■ မဟာကပ်ကမ္ဘာ . . စကြာဝဠာတိုင်း . . ခိုင်းနှိုင်း မရပါ . . သူတစ်ယောက်အပေါ်ပဲ . . အစွဲအလန်းကြီးမားလှစွာ . . နှပျိုသည်မှ . . အိုမင်းရင့်ရော်တဲ့ထိ . . ငို၍ သော်လည်းကောင်း . . ရိုက်၍သော်လည်းကောင်း . . စောင့်မျှော်လျက်နေဆဲပါ . . မောင်ရေးလာမယ့် စာချွန်လွှာ . . နက်ဖန်(သို့မဟုတ်) ဘယ်သောအခါ . . .

■ စာချွန်တော် မောင်ကြီးရှင် . . မေ့စာပါရင် ပေးပါ လို့ . . မေးရမှာများတောင် မရှက်နိုင်ပေါင် မရှက်နိုင်ပေါင် . . တကယ် သနားမညှာ . . လှည့်ဖျားရက်ရှာ . . သံသယပင် ထား . . ထားခဲ့မိတာ . . အဘယ်သို့သောမေတ္တာ . . မေတ္တာတရားမှ ကိုးကွယ်ရမှာ . . သင်ကြားပေးပါလေဦး တစ်ခါ . . .

■ ကြယ်တွေ . . လတွေ . . စုံသောညအခါ . . မောင်နဲ့မေ တွေ့စဉ်တုန်းက . . ပြုံးပြုံးကြီး ကတိပေးအပ်ခဲ့တာ . . နှပျိုသည်မှ . . အိုမင်းရင့်ရော်တဲ့ထိ . . ငို၍သော်လည်းကောင်း . . ရိုက်၍ ရိုက်၍သော်လည်းကောင်း . . စောင့်မျှော်လျက်နေဆဲပါ . . မောင်ရေးလာမယ့် စာချွန်လွှာ . . နက်ဖြန် (သို့မဟုတ်) ဘယ်သောအခါ . . .

www.burmeseclassic.com

www.burmeseclassic.com



# နက်ဖြန်သို့မဟုတ်ဘယ်သောအခါ

တေးရေး–ကိုလေးညွန့်
တေးဆို–ထား




www.burmeseclassic.com

www.burmeseclassic.com

# နတ်ရှင်နောင်

တေးရေး - အလင်္ကာကျော်စွာ မြို့မငြိမ်း

တေးဆို - ပြည်လှဖေ



အလင်္ကာကျော်စွာ မြို့မငြိမ်း



ပြည်လှဖေ

www.burmeseclassic.com

www.burmeseclassic.com



# နတ်ရှင်နောင်

တေးရေး – အလင်္ကာကျော်စွာ မြို့မငြိမ်း
တေးဆို – ပြည်လှဖေ

■ (တပ်တော်ဦးဆီ . . မျှော်လိုက်ပြန်တော့ . . ရဲတံခွန်တွေ လေကစား . . ကြွားတလူလူဝေ . . တပ်ဦးဆီ မျှော်လိုက်ပြန်တော့ . . တံခွန်တွေ . . အလံတွေ . . ရဲမာန်ပွားလောက်ပေ)၂ . . . သေပစေ . . ရင်ကို မြေကတုတ် မဆုတ်မတွန့် မရွံ့တဲ့သူတွေ . . သတ္တိပြောင် . . ထောင်ထောင်မောင်းမောင်း . . သူ့ရဲကောင်းတို့ လက္ခဏာညီပေ . . မြင်းသည်တော်တွေ . . ခြေသည်တော်တွေ . . မြင်းခလုတ် . . ဆင်ခလုတ် . . ကတုတ်တာဝေ .အစောင့်အနေ စီမံ . . ဗိုလ်ခြေ စစ်ဆင်တွေ . . တသီတတန်း . . စစ်စခန်း ချရာမြေ . .

■ (တောင်ကညို ပြုံတော့မယ် . . မှိုင်းမှိုင်းမှုန်ဝေ . . မိုး သက် တွေ လေငွေ့လို့ . . တရွေ့ရွေ့ ယူသလေ . . တိမ်ဦးလေပြည် . . လွမ်းငွေ့တွေဝေ . . ဖော်မစုံကျွမ်း . . လွမ်းစိတ်တွေပွေ . . ချစ်တဲ့သူ . . ဓာတုကလျာခွေ . . လွမ်းရတဲ့ဖြစ်အင် . . ထင်မြင်မိစေတဲ့ ဘုရားတိုင် . . စစ်ချီရတုတွေ ရေးလို့ . . . ဩော် . . ကျေးငှက်ကို . . စေလိုစေ . . ဖြေလည်း ငယ် . . ဖြေ . . ပြေပါနိုင် . . ပဲ စစ်ထွက်ဆဲ တောင်ငူဘုရင်မှာလေ . . လွမ်းစာတွေ . . ရွှေပေထက်မှာ . . တင်ရှာပေ . . .)၂

■ ပေါ်နွေလလျှင် . . တောင်ကခြိမ့်မြူး . . မင်းလွင်ဦးနှင့် . . ပြန့်ပြူးခြုံသိုင်း . . မှန်တိုင်းဆင်လို တိမ် ညို မှိုင်း ထပ်ပြက်လျှပ်ပြကာ . . စိမ်း ဝါ မိုးပန်း . . ထွေထွေ စွန်းကာ . . ရေသွန်းသာ . . ကြည်ပျော်ရမည်ကို . . မြရည် သတ်မှတ် . . ရောက်ခဲ့လတ်ဟု . . ချစ်ထွတ်တင်သည် . . ပြာစင်ရွှန်းလတ် .ဖြူဝင်းမွတ်လျှင် . . ကြာညွတ်ဖယောင်း . . နေရှိန်ပြောင်းသို့ . . ဆင့်လောင်းလွမ်းဝှန် . . ရှုလိမ့်ဟန်ကို . . တိမ်စွန်လေလျှင် . . ဖူးရောက်ချင်သည် . . ငှက်သွင်ပျံကြွ . . မတတ်သော် . . .

■ ပိတောက်တွေ . . ရွှေရည်လူးကြမယ့် . . အခြေ ပုလဲငုံ . . စပယ်ဖြူ ဖူး ခိုက် ဝေဝေ . . ပန်းမျိုးစုံ . . ရာသီကုန်ကူးခဲ့ပေါ့လေ . . ချစ်သူကို ရည်စူး . . ခူးတဲ့လို့ခွေ . . ကိုယ်တိုင် လှရာရာရွေးလို့ . . ဆင်မပေးရ ဆံမြည္ဘာကေ . . စစ်မြေမှာ . . ကြာညောင်းရက်ရှည် . . ရောက်မယ်အထင်နဲ့ . . မျှော်တဲ့သူ . . ပူ ဗျာပွေ . . တတွေးတွေး . . ဆွေးရှာရော့မယ်လေ . .

တောင်ကညို .............................. တင်ရှာပေ

www.burmeseclassic.com

# နတ်ရှင်နှောင်

တေးရေး-မြို့မငြိမ်း
တေးဆို-ပြည်လှဖေ




www.burmeseclassic.com

www.burmeseclassic.com


# ပေဖူးလွှာ

တေးရေး - အလင်္ကာကျော်စွာစိန်ဝေလှိုင်
တေးဆို - တင်တင်မြ



အလင်္ကာကျော်စွာစိန်ဝေလှိုင်



တင်တင်မြ

www.burmeseclassic.com

www.burmeseclassic.com



# ပေဖူးလွှာ

တေးရေး – အလင်္ကာကျော်စွာစိန်ဝေလျှံ
တေးဆို – တင်တင်မြ

■ ပေဖူးလွှာ . . ပေဖူးလွှာ . . ပေဖူးလွှာ . . ရင်မှာ ပိုက်ပါလို့ . . လိုက်ချင်ရဲ့ . . သည်ပျိုမေ . . ဆွေးနေတဲ့အချိန်များ . . လွမ်းအားတွေ . . လွမ်းအားတွေ . . လွမ်းအားတွေ . . ပွားတဲ့မယ်အား . . တကယ် မသနား . . ပယ်ထား . . နေအားပေ . . .

■ ပျိုလေးတို့ . . အိမ်ခေါင်မိုး . . ထိုးလာပါတဲ့ . . ပေဖူးလွှာ . . ဘာစာတွေလည်းလို့ မေးကြသလေ . . မေးပါနဲ့အေ . . သြော် . . မေးပါနဲ့အေ . . မေ့ကိုလေ သူမသနား . . နယ်ခြားကိုတဲ့ စစ်ချီကာနေ . . စစ်မြေပြင် တစ်နယ်တစ်ကျေးက . . ပေးလာတဲ့ . . လွမ်းစာကွဲ့ . . လွမ်းစာကွဲ့ . . သြော် . . လွမ်းစာကွဲ့ အေ

■ တစ်ကျွန်းစီနေ . . တစ်ပြည်စီခြားပေမယ့် . . အချစ်အား . . ပစ်ထား . . စစ်သားမို့ပေ . ဆွေး မပြေ . . ဆွေးမပြေ ခွေယိုင်ကာနွမ်းပေမယ့် . . အချစ်ရေးထက် . . စစ်ရေးခက် . . အချက်တွေကပွေ တိုင်းပြည်တာဝန် . . ဝတ္တရားမပျက်အောင် . . ထမ်းဆောင်နေတဲ့ . . ဇာနည်မောင်ရေ . . (အောင်သပြေ တောင်းဆုချွေ . . ဘေးဘယာ . . ဝေးကွာ . . အေးမြစေ . . စိန္တေမြတ်ဘုရားမလေ . .)၂ အချစ်ရေးဆို . . အမှုမထားနဲ့လေ . . စစ်ရေးကို . . ဂရုထားလို့နေ . . မေမှာပါရစေ . . ချစ်သက်ဝေ . . သြော် . . ချစ်သက်ဝေ စာ ခွေ ပါး လိုက် ပေါ့ လေ . . .

www.burmeseclassic.com

www.burmeseclassic.com


# ပေဖူးလွှာ

တေးရေး–အလင်္ကာကျော်စွာစိန်ဝေလှိုင်

တေးဆို–တင်တင်မြ




www.burmeseclassic.com

www.burmeseclassic.com


# ပန်းပိတောက်တွေကြွေရာမြေ

တေးရေး - ရဲသီဟကိုတင်အောင်
တေးဆို - ချိုပြုံး



ရဲသီဟကိုတင်အောင်



ချိုပြုံး

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပိတောက်တွေကြွေရာမြေ

တေးရေး – ရဲသီဟကိုတင်အောင်
တေးဆို – ချိုပြုံး



ရဲသီဟကိုတင်အောင်



ချိုပြုံး

www.burmeseclassic.com

www.burmeseclassic.com

# ပန်းပိတောက်တွေကြွေရာမြေ

တေးရေး – ရဲသီဟကိုတင်အောင်

တေးဆို – ချိုပြုံး

■ တစ်မြို့စီခြားပေမယ့် .. ငယ်ကချစ်သူ .. သူ့ကိုသာလေ .. ကျန်းမာတော်မူပါစ .. လေလှိုင်းထဲက ဆုန်းဆင့်ပါရဲ့ .. ဆွေ ချစ်သူ မောင်ရေ .. ချစ်သူ မောင်ရေ .. ငယ်စဉ်ခါတုန်းကလေ .. တောရွာ တောဓလေ့ တို့တစ်တွေ အတူနေ .. ခုများတော့ .. တစ်မြေခြား .. မေ့အား နှိုင်းရက်ပေ .. မောင့်အပေါ် ချစ်တာ .. တစ်ခုတည်း သိတယ်လေ .. မေတ္တာအသချေ ... ဝေး .. တစ်မြေ .. ခြားသူ .. မောင်ရေ ...

■ ပိတောက်ပန်းတွေ .. ပင်ယံနန်းဗွေ .. လျှမ်းပနေ .. ငယ်ချစ်ဆွေရေ .. နေနိုင်တော်မူ အားရက်ပေ .အတိတ်ကမ္ဘာမြေ .. တွေး တွေးရင်ဖြင့်လေ .. တို့ငယ်စဉ်တုန်းကအခြေ .. ပိတောက်တွေ ပွင့်ရင်လေ .. လွမ်းသလို .. ဆွေးသလိုပါ မောင်ရေ .. အချစ်ကြီးသူများရဲ့ .. ဘဝတာ လမ်းတစ်လျှောက်မြေ .ပန်းပိတောက်တွေ .. ကြွေပြီလေ .. ဂိမ္ဘာန်နွေ ကြုံပြီမို့လေ .. တစ်နှစ်ကူးပေမဲ့ .. အချစ်ဦး မောင့်ကို .. စောင့်ကြိုနေမယ်လေ .. ဝေးတစ်မြေခြားသူ .. မောင်ရေ ...

■ ဌာနေပဟောင်းကို .. နှစ်တွေ .. လတွေ .. ပြောင်းစေဦးကွဲ့လေ .. မမေ့ကောင်းစရာ အကြောင်းတွေ .ဖန်လာပေ ရပ်ဝေးနေ .. ပျို့ငယ်ချစ်ဆွေ .. နောင်လည်း တွေ့နိုင်ပါစေ .. ပိတောက်တွေ ရွှေရည်လူး .. ဖူးပွင့်ရာမြေ .. ကြည်နူး ရည်စူးမိပါပေ .. ဝေးတစ်မြေခြားသူ .. မောင်ရှေ ...

www.burmeseclassic.com

www.burmeseclassic.com


# ပန်းပိတောက်တွေကြွေရာမြေ

တေးရေး–ရဲသီဟကိုတင်အောင်
တေးဆို–ချိုပြုံး




www.burmeseclassic.com

www.burmeseclassic.com



# ပျို့ဆုတောင်း

တေးရေး – သဟာယဆရာတင်
တေးဆို – တင်တင်အေး



သဟာယဆရာတင်

www.burmeseclassic.com

www.burmeseclassic.com


# ပျို့ဆုတောင်း

တေးရေး – သဟာယဆရာတင်

တေးဆို – တင်တင်အေး

ရှေးရှေးဘဝက .. ရေစက်ဟောင်း .. ကြောင့်ကွယ် .. မောင့်ကိုသာ .. အလိုလို .. ပျို့စိတ်မှာ မေတ္တာပိုတယ် .. ချစ်လက်စမကုန်တယ် ..

■ (မြင်မြင်းချင်းပင် .. ဘာ့ကြောင့်များ ချစ်ချင်တယ် .. ဘဝဟောင်းက .. ပျို့ဆုတောင်းကြောင့် ထင်တယ် ..)၂ ယုံကြည်ပါနော် .. မောင့်ကိုသာ အစဉ်တကယ် ခင်တွယ်ကြင်နာ သနားစိတ်တွေ .. ဝမ်းထဲကျိတ်ကာ .. မနေနိုင်ပေါင်ကွယ် .. မောင်ရယ် .. ချစ်လက်စ မေတ္တာတွယ် ...

■ (မြင်မြင်ချင်းပဲ ချစ်မိတယ် .. မြင်မြင်ချင်းပဲ ကြိုက်မိတယ် .. စေတနာ မောင့်အပေါ်ထားလို့ ပျိုမေ မေတ္တာရှိလှတယ် ...)၂ ရေစက်ဟောင်း .. ဆုတောင်းပြည့်လို့ထင်တယ် .. သည်ဘဝမှာလည်း ချစ်မပြယ် .. မောင်ရယ် .. ချစ်လက်စ မကုန်ဘူးကွယ် ...

■ (အဖေအမေထက် .. ချစ်တဲ့ မောင်မောင်ရယ် .. မိန်းမတို့ ဣန္ဒြေတွေကိုပယ် .. မောင့်ကိုပင် မမြင်ရ ခင်အလှမှာကွယ် .. မနေတတ် .. ပျို့စိတ်မှာတကယ် ..)၂ ချစ်မိရင်လည်းပဲ .. မရှက်တော့တယ် .. ပျို့သဘော လည်း .. ပြောပြချင်တယ် ... စားလည်း သည်စိတ်ကွယ် .. သွားလည်း သည်စိတ်ကွယ် .. မောင့်ကိုသာ စွဲလမ်းမိတယ် ..

■ မြင်မြင်ချင်းပဲ ချစ်မိတယ် ........................... ချစ်လက်စ မကုန်ဘူးကွယ်

■ မစားနိုင် မအိပ်နိုင် .. ချစ်တဲ့စိတ္တဇရယ် .. မောင်နဲ့လည်း မခွဲနိုင်တယ် .. ပျို့အလွန်ပဲ စွဲပါတယ် .. အတူနေဖို့ရယ် ...အတူထိုင်ဖို့ရယ် .. ပျို့ဆုတောင်းမိတယ် ချစ်သူရယ် ...

■ မြင်မြင်ချင်းပဲ ချစ်မိတယ် ........................... ချစ်လက်စ မကုန်ဘူးကွယ်

www.burmeseclassic.com

www.burmeseclassic.com



# ပျို့ဆုတောင်း

တေးရေး-သဟာယဆရာတင်
တေးဆို-တင်တင်အေး




www.burmeseclassic.com

www.burmeseclassic.com

# ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ်

တေးရေး – ကိုလေးညွန့်
တေးဆို – ခင်သစ်လွင်



ကိုလေးညွန့်



ခင်သစ်လွင်

www.burmeseclassic.com

www.burmeseclassic.com



# ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ်

တေးရေး – ကိုလေးညွန့်
တေးဆို – ခင်သစ်လွင်

■ ဗျောသံ .. စည်သံ .. ညံတယ် .. ညံတယ် .. အုံ့အဲ .. သိမ့်သိမ့် ခြိမ့်ခြိမ့် .. ကျော်မစဲဖွယ်နွဲ့ပျော် .. ပွဲတော် .. လန်းနော် .. စည်တယ် .. ဟိန်းတယ် .. ဗိန်းဗေ့ဗေ့ ဗေဗေ ဗုံ... တူစုံ နွဲ့ကာ .. ဖြူပြာ မူယာ သူဇာ အမိတို့ရယ် .. အမိတို့ရယ် .. ဆွမ်းပန်း ဖြူဖြူ .. တင်ကပ်လှူ .. ဆွမ်းပန်း ဖြူဖြူ .. တင်ကပ်လှူ .. လူ့တိုင်းဌာန .. တုနှိုင်း ရှာမရ .. သာစွ အချိန်တော်မယ် သဒ္ဓါလုံးလွန်ကဲ .. မြို့ထဲ .. ရွာထဲ .. သောသောညံ .. စံမတူဖွယ် ..

■ သုံးထောင်ထွာ .. ကေရှင်အုံး .. တစ်ကြော့ထုံးလို့ .. တစ်ပွင့်ပန် .. ယဉ်ပေ့ဟန် .. (ယဉ်သဗျို့) တော်ပေ့ဟန် (တော်သဗျို့) .. ယဉ်ပေ့ဟန် .. တော်ပေ့ဟန် (ယဉ်ပါပေသဗျို့ တော်ပါပေသဗျို့) သက်ထားဖော် မျက်ထားတော်ချိုချိုနဲ့ .. (သက်ထားတော် မျက်ထားတော်ချိုချိုနဲ့) လက်ဦးယဉ်မို့ ရှင်ကြည်စွာငယ် (လက်ဦးယဉ်မို့ ရှင်ကြည်စွာငယ်)မြို့ကြီးရှင် .. အလှူသဘင်ပွဲမှာ .. ဖက်ဖူးဆင် .. ဖက်ဖူးဆင် ခင်ခင်ကြိုက်တယ် အလိုရှင် သူကြည့်ရှင်ရှက်လှတယ်လေး ...

■ (တိုင်းပြည်ဘောင် .. သာယာငြိမ်းချမ်းအေး .. ပေးအလှူ .. နိမ့်သူ .. မြင့်သူ .. မခွဲခြားမကွဲပြား လက်ဆုံစားမယ် .. လာလေ .. အတူသွားမယ် ..)၂ လှည်းနဲ့တစ်ဖုံ .. လေ့နဲ့တစ်မျိုး .. ရပ်ကျိုးရွာကျိုးသည်ပိုး ရွက်လှယ် .. အမှုဆိုရင် .. သာဓုခေါ်တဲ့လူမျိုးနွယ် .. ခါညီအလှည့်ကျရယ် .. ရာသီဆယ့်နှစ်လဝယ် ဖြူစင်သဒ္ဓါကြွ .. လှူအင်ဒါန .. သဒ္ဓါလုံးလွန်ကဲ .. မြို့ထဲ .. ရွာထဲ .. သောသောညံ .. စံမတူ

■ သုံးထောင်ထွာ ......................... သူကြည့်ရှင်ရှက်လှတယ်လေး

www.burmeseclassic.com

www.burmeseclassic.com

# ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ်

တေးရေး-ကိုလေးညွန့်
တေးဆို-ခင်သစ်လွင်




www.burmeseclassic.com

www.burmeseclassic.com

# မလေးလက်ခတ်သံ

တေးရေး - ကိုဗိုခင်

တေးဆို - ရီရီခင်



ရီရီခင်

www.burmeseclassic.com

www.burmeseclassic.com



# မလေးလက်ခတ်သံ

တေးရေး – ကိုဗိုခင်
တေးဆို – ရီရီခင်

■ မလေးလက်ခတ်သံ . . . မလေးလက်ခတ်သံ . . (တညံ့ညံ့မြည်သံမစဲ . . ပွဲနီး ပြန် . .)၂ မလေးလက်ရာ ဟိုစဉ်ခါ . . . ငေးကြည့်နေတာ . . .ဟိုနှစ်ခါ . . .ဟိုအသွေး . . ဒီနှစ်ခါ . . ဒီအသွေးလှလှပပ ဆင်မြန်းလိုသူပါ အပွင့်ရယ်ဝါ . . . အညာမှာ မြရည်လိမ်းကာ . . စိမ်းလဲ့လဲ့ . . ယိမ်းတနွဲ့နွဲ့ . . အရှေ့တိုင်းသူရဲ့ ယဉ်ကျေးမှုဆောင် တာ . . .

■ သြော် . . . သူ့ကေသာ . . ဆင်မြန်းလို့ဖြင့် . . ပန်းအလှ . . ဝေဆာဆာ . . တစ်ကျော့ထုံးကာ တော်ဘုန်းမလာ ဘယ်ဆီ . . . ဘယ်စခန်း . . မြန်းကြွရနေတာ မျှော်ဆဲ . . မျှော်ကာ . . ပေါ်လည်း . . မပေါ်လာ မလေးကိုပင် . . ရှောင်ဖယ်လေသလား . . စိတ်အားငယ်သူမှာ . . စောင့်စားအဖြေရှာ . . တေးဆိုလျက်သာ . . ဆီးကြိုလက်လှမ်း . . ရက်ကန်းသံညံ့တာ . . .

■ (ဝေးမြေရပ်ခြား . . . တစ်နယ်သား . . . အပေါ်မှာ . . ထားခဲ့မေတ္တာ . . စွဲမြဲလှတာ . . အနှစ်တစ်ရာ မကပါ သြော် . . ဖြစ်ရာဘဝမှာ . .)၂ ကိုယ်ချစ်ရှာသူမှာ . . ကြည်ဖြူ အရာရာမြတ်နိုးသူစေတနာ ထူးကဲပေတာ . . . သံသာလေ . . .ကမ်းတိုင်တူပြိုင်ပြိုင် . . ကူးမယ်လို့ . . ဆုထူးပန်ကာ ရည်သန်ရော်ရမ်းတာအတွေးနယ်ကျယ်ကာ မလေးစိတ်ထဲ . . ကျိတ်ခဲမရနိုင်ရှာတာ တစ်နေ့ဝင် . . တစ်နေ့ထွက်ပါလို့ . . ချစ်တဲ့ရက်ပေါင်း . . ထပ်လောင်းဆင်ကာသာ . . မလေးခမျာမှာ ရက်ကန်းအဖော်ပြု . . မျှော်မှု . . သူ့တစ်ကိုယ်သာ

www.burmeseclassic.com

www.burmeseclassic.com



# မလေးလက်ခတ်သံ

တေးရေး-ကိုဗိုခင်
တေးဆို-ရီရီခင်




www.burmeseclassic.com

www.burmeseclassic.com


# မလွမ်းဘယ်သူနေပါ့မယ်

တေးရေး - ကိုလေးလွင်

တေးဆို - သန်းဖေလေး



ကိုလေးလွင်



သန်းဖေလေး

www.burmeseclassic.com

www.burmeseclassic.com



# မလွမ်းဘယ်သူနေပါ့မယ်

တေးရေး – ကိုလေးလွင်
တေးဆို – သန်းဖေလေး

■ နွေပြန်ရာသီ… စလေပြီကွယ့်.. ထက်ခွင်.. ယုဂန်.. ပူရှိန်ထန်ပြင်းတယ် .. စုံစုံကျေးငှက် လည်ယှက်လက်တင် .. လွမ်းဖွယ်ဆင် … လို့ကွယ် … နွေဦးရောက်ပြီပြောသို့နှယ် …

■ (ဥဩငှက်က .. လွမ်းဖွယ်ဆင်တယ် .. ကိုယ့်နှယ် .. အတူကွယ် .. အပူသည်လေး .. ဖြစ်ရော့မယ်)၂ လေရူး .. မြူးလာ .. ခိုက်ဝယ် … စိတ်မငြိမ် .. လူမငြိမ် .. မေတ္တာနေမှိန်ဖြစ်ရတယ်စိတ်မငြိမ် .လူမငြိမ် မေတ္တာနေမှိန်ဖြစ်ရတယ် .. တောင်ပြာ .. တစ်ရစ်တော .. တစ်ဆစ်မှာကွယ် .. သာမျိုးငယ်စုံ .. ပန်း မြိုင်လယ် ငှက်ကျေး .. ခေါ်သံ .. အထူး .. မြူးတယ် … သည်လို … ရာသီဦးဝယ် .. မလွမ်း .. ဘယ်သူနေပါ့မယ် .မလွမ်း ..ဘယ်သူနေပါ့မယ် ..

■ ညို့ညို့တောမြိုင်တန်း .. စခန်းဆီမှာရယ် .. နေခြည်ဖြာလူး .. ရွက်ကြွေမူးမူး … ဆန်းစနွေလတန်ခူးဝယ် ဘယ်သို့ … စိတ်ဝယ်ရည်စူး .. တမ်းတရမယ် … သိနိုင်လေဘူးကွယ် … ငယ်ချစ်ဦးရယ် … သည်အခါများ … ကိုယ်သတိရသလို … သတိများမှ … ရပါလေစရယ် … မေးရတယ်ကွယ် … တမ်းတမယ်ကွယ် … နွေဦးလေရူး … အခြေထူးတယ် … မလွမ်းဘယ်သူနေပါ့မယ် … မလွမ်းဘယ်သူနေပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com

# မလွမ်းဘယ်သူနေပါ့မယ်

တေးရေး–ကိုလေးလွင်
တေးဆို–သန်းဖေလေး



www.burmeseclassic.com

www.burmeseclassic.com


# မေ

တေးရေး – တက္ကသိုလ်စိုး
တေးဆို – ကိုမြကြီး



တက္ကသိုလ်စိုး



ကိုမြကြီး

www.burmeseclassic.com

www.burmeseclassic.com


# မေ

တေးရေး – တက္ကသိုလ်စိုး
တေးဆို – ကိုမြကြီး

■ (ချစ်ပင်ချစ်မိုး ... ချစ်လိုက်ပါတဲ့မေ ... သဥ္ဇာညောင်ဖွေ ... အမြဲပင်တမ်းတနေ ... မောင်မှန်းဆကာ အလွမ်းပြေ ... မေ့ဓာတ်ပုံတွေ ... ပြုံးယောင်ပါလို့နေ ... မမုန်းနိုင်ဘူး ..မောင့်တစ်သက်မှာလေ ဘုန်းမောင်သက်ထားရေ .....)၂

■ (ယနေ့တိုင်မမေ့နိုင် .. ချစ်တင်းအတူနှော .. ချစ်မဏ္ဍိုင်စိုက်ပါလို့ ... ချော့ကာမြှူခဲ့သလေ )၂ ပြေဘ် ... မေ့ကိုလေ ... မြင်နေကြမို့ ...တစ်နေ့မမြင်ရတော့ ... မောင် ... တစ်လထင်နေ ... နောင်ဘဝရောက်တောင်မခွဲတမ်း ...ပေါင်းဖော်ပါရစေ ... မေရေ ....

■ ရွှေမေတ္တာတွေ ... ဖေချစ်တာတွေ ... သွေမပစ်ပါသလေ ... မေသိပါစေ .. ငြိုငြင်ပါလို့ မုန်းတော်မူနဲ့ ... မေ .....

■ (မြတ်ဘုရားထက်မလေ ... ဖူးကြမောင်နဲ့မေ ... မာပါစေ ... သာပါစေ ... အတူပေါင်းရဖို့တောင်းဆုပန် ရွှေ ...)၂ ညောင်ရေပန်းနဲ့ ... ဆယ်ကမ္ဘာတိုင်စေ ... ပေါင်းဖော်လို့နေ ... ဘေးရန်ဝေးစေ ... ရေတွေလျှုဒါန်းဖျန်းပက်ခဲ့သလေ ... မေတ္တာမိုးတွေ ... သွန်းကာဖြိုးစွေ ... ပြည့်ရွှေနိဗ္ဗာန် မှန်းမျှော်လို့ နေ ... အသက်ရာကျော်လည်းချစ်ဖို့ ... အရေးတွေ ..ပြုဒါနတွေ ... ပေးကာလှူတယ်လေ

■ စံပယ်ပန်းတွေလည်း ... တင့်ဆန်းကာနေ ... ပွင့်ကာလှိုင်လို့ ... ဝေ .. မေလမှာပဲ ..မောင်ခူးကာရွှေ ... ပေးဆင်မြန်းခဲ့သလေ ... မြင်သူတွေ ... မေ့ကိုမြင်တိုင်းငေးကြလို့နေ ... ဘဝင်ဆူသလေ မောင့်ရွှေရင်ထဲ မအေးရလို့ ... သည်မောင်စိုးရိမ်ပူပန်နေ ... ဣန္ဒြေရှင်မေ ... ချစ်ကာသာလေ ... မေတ္တာသာဝေ ... တူစုံမောင်မယ် ... အတူတူပေါင်းဖို့ ... လေ .....

■ ရွှေမေတ္တာတွေ ................................ မုန်းတော်မူနဲ့ .. မေ

www.burmeseclassic.com

www.burmeseclassic.com


# မေ

တေးရေး-တက္ကသိုလ်စိုး
တေးဆို-ကိုမြကြီး




www.burmeseclassic.com

www.burmeseclassic.com



# မိုး

တေးရေး – အလင်္ကာကျော်စွာဗွေပြည့်အေး

တေးဆို – ကိုမြကြီး



အလင်္ကာကျော်စွာဗွေပြည့်အေး



ကိုမြကြီး

www.burmeseclassic.com

www.burmeseclassic.com



# မိုး

တေးရေး – အလက်ာကျော်စွာရွှေပြည်အေး
တေးဆို – ကိုမြကြီး

■ ဝသန်ခါမီ . . . လရာသီ . . . ပြာရီရစ်ဝိုင်း . . . မှိုင်းလဲ့လဲ့ဆိုင်းနွဲ့နွဲ့ . . . သိုင်းဖွဲ့လို့ဟန်ချီ . . မင်းလွင်ဆီ . . . ညိုရောင် . . . မှောင်ခိုး . . . မိုးလအခါမီ . . . ဖြိုးဖြိုးလျှလျှ . . . စွေလှသည် . . . . .

■ ဂျိုးဂျိမ့်သံ . . . မာန်တင်းကာပ . . . အသူရာသိကြားမင်းက . . . စစ်ခင်းကာပြိုင်ကြပြီ . . . ဩော် . . . ဂျိုးဂျိမ့်သံ . . . မာန်တင်းကာပ . . . အသူရာသိကြားမင်းက . . . စစ်ခင်းကာပြိုင်ကြပြီ . . . စိတ်မကျေနိုင် . . . အနိုင်လုတော့ . . . အေးလှပါသည် . . . ထွေးစရာ . . . ဗလာအထည် . . . . ဆွေး . . . ဆွေး .ဆွေးရတာရှည် . . . ဇာကတ္တီပွေဆိုင် . . . ဖြေနိုင်ပါပဲ . . . မလုံ့တလုံ . . . ခြုံလွှာမွဲလို့ . . . မစုံဖော်ကွဲ . . . သည်းကြွေလုပြီ . . . ဩော် . . . ဘယ်ခါမှ . . . အတူတကွနေရပါမည် . . .နွေးစရာ့အတည် . . . ဆွေ့ နှမဒါလီ .ဝေး . . . ဝေး . . . ရ . . . . . ပြီ

■ လိုက်တော်မူ . . . သင့်ပါရဲ့ . . . အခွင့်ကို . . . မျှော် . . . လိုက်တော် . . . သင့် . . . ပါရဲ့ . . .အခွင့်ကိုမျှော် . . . မသင့်တော် . . . သလို . . . ပ . . . တစ်မေခင်လွဲ . . . မသင့်တော် . . . မသင့်တော် . . . မသင့်တော်သလို . . . ပ . . . တစ်မေခင်လွဲ . . . ရွှေရင်ထဲမှာဖြင့် . . . ကွဲလုပြီ . . . စွဲသူ့ . . . မျက်ရည် . . . မျက်ရည် .စွဲသူရဲ့ . . . မျက်ရည် . . . ဩော် . . . ရက်ရှည်ရှည် . . . ဆွေးတယ်လေး . . . သွေး . . . ကဲ့သို့ . . . နီ . . . . .

■ ပဖွားနှ်ရယ် . . . သံစုံရင့်ကျူး . . . မြူးခဲ့ပြီ . . . ဩော် . . . လေဦးမိုးသက်ချီ . . . တရွေ့ရွေ့နဲ့ .မိုးငွေ့တွေ . . . လေချီ . . . ငွေချည်ငွေပန်း . . . တန်းကာကျပြီဆန်းစွာလှသည် . . . လွမ်းတာကရှည် . . . ပန်းလျှဝေရီ တမ်းတလို့ပဲ . . . ဖြေမဆည်နိုင်တော့ပြီ . . .

www.burmeseclassic.com

www.burmeseclassic.com

# မိုး

တေးရေး–အလင်္ကာကျော်စွာရွှေပြည်အေး

တေးဆို–ကိုမြကြီး



www.burmeseclassic.com

www.burmeseclassic.com

# မိုးသက်လေနှင်

တေးရေး – ဂီတနက်သန်ကိုစောညိန်း
တေးဆို – မောင်မောင်ညွန့်



ဂီတနက်သန်ကိုစောညိန်း



မောင်မောင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com


# မိုးသက်လေနှင်

တေးရေး – ဂီတနက်သန်ကိုစောညိန်း

တေးဆို – မောင်မောင်ညွှန့်

■ (အနောက်တောင်ဆီ . . . က . . . ရွာမည်ဟန်ပြင် . . . မိုးသက်လေနှင် . . . မုန်တိုင်းဆင့်လျှင် ႇစစ် မျက်နှာဖွင့် . . . တိမ်ခိုးလွှင့်ကာ . . . နှင် . . . မှိုင်းမှိုင်း ရိပ်မှောင်စွန်တောင်မှင်ပျို့မှာလေလား . . . မိုးရဲ့မိုးအောင်ခုပင် . . . အမှုန်မောင် . . . ဖန်အားလေတဲ့ . . . အင်)၂

■ (လျှံရွှေစင် . . . ပြိုး . . . ပြိုးပြက် . . . လျှပ်စက်ရောင်ခြည်မျှင် . . . ဗျူဟာဆင် . . . မိုးလုံးပြည် ႇတရွေ့ရွေ့ယူဆဲတွင်)၂ နယ်ရှစ်ခွင် . . . မင်းလွင်ဝန်းကျင် . . . လွှမ်းအောင်ဖော်ပြ အာကာဝေဟင် . . . ဘယ်ရှေးဝင်မြွေ့ကြွေး . . . တို့တင်ချေပြီထင်ရဲ့ . . . . နိမ့်မြီရာမဲ့ . . . ရှုလှည့်မြင်လှည့်စေချင် . . . ချစ်တဲ့သူရဲ့ရင်ခွင် . . . သည်မိုးမှောင်တုန်း . . . မောင်ပုန်းပါရစေ . . . ခင်တစ်ကိုယ်ရေအား . . . နွဲ့နွဲ့ . . . တုန်ပြီ . . . ရွှေ . . . ဘဝင် . . . ငြိုး . . . ရက်တဲ့ . . . ဒေဝါဆွေနတ်ရှင် . . . ဩဘ် . . . မိုးသက် . . . လေနှင် . . . . .

www.burmeseclassic.com



# မိုးသက်လေနှင်

တေးရေး-ဂီတနက်သန်ကိုစောညိမ်း
တေးဆို-မောင်မောင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com


# မိန်ရာသီ

တေးရေး - မန္တလေးဦးဘသိန်း
တေးဆို - ကိုအံ့ကြီး



မန္တလေးဦးဘသိန်း



ကိုအံ့ကြီး

www.burmeseclassic.com

www.burmeseclassic.com


# မိန်ရာသီ

တေးရေး – မန္တလေးဦးဘသိန်း
တေးဆို – ကိုအံ့ကြီး

■ ခိုင်ရွှေညာဝင်း . . . နှင်းကျွင်းဖွဲ့တဲ့ . . . မိန်လရာသီ . . . လေသွေးရာချီ . . ရွှေဖီငုံကင်း အင်ကြင်းတွေက . . . နီးသန္တာရည် . . . . . တောလုံး . . . ဖြာချေပြီ . . . .

■ (ငွေရည် . . .နှင်းငွေရည် . . .ထွေလည် . . . ဆင်းထွေလည် . . . . လေပြည် . . ညှင်းလေပြည်)၂ ညှင်းလေပြည်က . . .မြောက်တောင်နှော . . . . ရွက်ဝါမြေခလို့ . . . သက်ကြွေလျောခဲ့ပြီ . . . သိင်္ဂီတောလုံးထိန်ချေပြီ

■ (ဝတီဘုံနန်း . . . တိမ်စုံတွေ . . . လျှမ်းတင်ခဲ့ပြီ . . . လွမ်းရေး . . . ဖွဲ့ညီ . . ကြင်ဖော်မျှော်ရည်)၂ သူနဲ့သာတူညီ . . . ဖူးလိုက်ချင်ငဲ့ . . . ဦးခိုက် . . . ချင်ပါရဲ့လို့ . . . သဲပုံစေတီ . . . ရွှေလရောင်ခြည် . . . . ဘုရကုဏ္ဍီနှင့် . . . ယှဉ်မှီထွန်းကာ . . . ယွန်းရှာချေပြီ . . . မိန်ရာသီ . . . . .

www.burmeseclassic.com

www.burmeseclassic.com

# မိန်ရာသီ

တေးရေး–မန္တလေးဦးဘသိန်း
တေးဆို–ကိုအုံးကြီး



www.burmeseclassic.com

www.burmeseclassic.com

# မုန်းရစ်လေဦး

တေးရေး – စန္ဒရားလှထွတ်

တေးဆို – ကိုမင်းနောင်



စန္ဒရားလှထွတ်



ကိုမင်းနောင်

www.burmeseclassic.com

www.burmeseclassic.com


# မုန်းရစ်လေဦး

တေးရေး – စန္ဒရားလှထွတ်
တေးဆို – ကိုမင်းနောင်

■ ရွက်ဝါကြွေ . . . နွေအဦး . . . လေရူးပွေစ . . . ညနေ . . . ဆည်းဆာ . . . . ဥသြဆွေ . . . နွေတေးရှင်ငှက် . . . ပင်ကိုင်းထက်မှာ . . . . . သံစာစာ . . . နွေကြို တေးကိုသာ . . . လေးတွဲ့မှန်စွာ . . . သြော် ရေးဖွဲ့ပြန်ရှာ . . . . အဖော်ကွဲ . . . တစ်ကိုယ်တည်း . . . ကိုယ်လည်းမင်းလိုပါပဲ . . . အခုဘဝမှာ . . . . ညို့ဝါရွေ ညောင်းရွက်လေအနော့ . . . ပြေလျော . . . ကြွေပေါ့ . . . နွေတစ်ကြော့ရောက်ပြန်လေပြီ . . . တစ်ခါ . . . .

■ နွေပေါင်းများစွာ . . . လပေါင်းများစွာ . . . ကြာမြင့်သော်လည်း . . . ကိုယ်မမေ့သည်သာ နွေမှာတေးဆိုသော . . . ဥသြငှက်ဟာ . . . မိုးအခါ . . . ဘယ်ဆီမှာများ . . . ပုန်းရှောင်နေတာ . . ကိုယ့်ဘဝ ကလည်း . . . သည်သို့မရေရာ . . . ကိုယ့်အလွန်ပဲ . . . ရှိပါစေလို့ . . . သာ . . . . .

■ ရွက်ဝါကြွေ . . . နွေအဦး . . . ညှင်းလေ . . . မြူးသလို . . . သာပဲ . . . . . ပျော်နိုင်ဘူး . . သည်းညှာ . . . အချစ်ဆိုတာ . . . ပြန်တောင်းလို့လည်း . . ရကောင်းသောအရာ . . . ဟုတ်ပါသလား . . . . သက်လျာဖြေစမ်းပါ နွေကလျာဦး . . မဖြေသာဘူး . . . လွမ်းမက်မှုးမှုးနဲ့သာ . . . . . မုန်းရစ်လေဦး . . . မုန်းရစ်လေဦး . . . ဘုန်းချစ်တဲ့သူ . . . ရာ . . . . .

www.burmeseclassic.com

www.burmeseclassic.com



# မုန်းရစ်လေဦး

တေးရေး–စန္ဒရားလှထွတ်
တေးဆို–ကိုမင်းနောင်




www.burmeseclassic.com

www.burmeseclassic.com



# မြပန်းခွေ

တေးရေး – စန်းသော်တာ
တေးဆို – ဘိလပ်ပြန်သန်း



စန်းသော်တာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# မြပန်းခွေ

တေးရေး – စန်းသော်တာ
တေးဆို – ဘီလပ်ပြန်သန်း

■ (နွေဦးယံအဖူးအခက်စီ . . . မြပန်းခွေ . . . မခူးရက်ပြီ . . . . ရောင်ယှက်ဖြာသန်းတော့သည် ့ပန်းလိပ်ပြာ . . . ရစ်ဝဲကာနွဲ့ကြပြီ . . .)၂ အို . . . ပန်ချင်သူတွေဆွတ်ခူးရန်လှမ်းကြပြီ . . . ပျိုနီလာရောင်သွေး . . . သင်းမွှေးတဲ့ပန်းဝတ် . . . ရည်

■ ယိမ်းနွဲ့ပေါ့ . . . ပန်းရွှေညာတံဝတ်ရည် . . . ချူမယ့်သူပေါ်သည် . . . ရနံ့သင်းတဲ့ . . . ပန်းကလေးကို ့မနွမ်းသေးခင် . . . အလှမ်းဝေးအောင် . . . ထိန်းသိမ်းတော့မည် . . .

■ နိုင်ရွှေညာတံ . . . စိမ်းလဲ့လဲ့နဲ့ . . . မာလာဝတ်မှုန်နီခင်ခင်ပျိုမဒီ . . . ထိန်းသိမ်းခဲ့လို့. . . စီရရီပွင့်ချပ်တွေစီ . . )၂ မြင်ရသူတိုင်း. . . . မြင်ရသူတိုင်း ့လိုချင်မက်မောသည် ယိမ်းနွဲ့ပေါ့ . . . ပန်းရွှေညာတံဝတ်ရည် ့ချူမယ့်သူ ပေါ်သည် . . . ရနံ့သင်းတဲ့ . . . ပန်းကလေးကိုမနွမ်းသေးခင် . . . အလှမ်းဝေးအောင် . . . ထိန်းသိမ်းတော့မည် . . .

■ (ဂန္ဓမာတောင် . . . လှိုင်ချောင်မုခ်နန်းဆီ . . . ကုမ္ဘဏ်တစ်ထောင် . . . စောင့်ကြပ်ကာဆီးတဲ့ . . . နတ်ပန်းကလေးနဲ့ . . . နတ်ပန်းကလေးနဲ့ . . . သဏ္ဌာန်တူညီ . .)၂ လေယူရာ . . . သင်းမွှေးလို့လှိုင်စီ . . . ဘုန်းသမ္ဘာရှင် . . . မျှော်ကိုးလို့ . . . စောင့်ခဲ့ပြီ . . . လေသူရာ . . . . ပြီ . . . အို . . . နေရောင်ခြည်သန်းလို့ . . ့မြတ်ပန်းဆီမခန်းမီ . . . ခဲယဉ်းစွာ . . . . ဆွတ်ခူးမယ့်သူကို . . . ညွတ်နူးဖို့ယိမ်းဟန်ချီ . . .

■ ယိမ်းနွဲ့ပေါ့ . . . ပန်းရွှေညာတံဝတ်ရည် . . . ချူမယ့်သူပေါ်သည် . . . ရနံ့သင်းတဲ့ . . . ပန်းကလေးကို မနွမ်းသေးခင် . . . အလှမ်းဝေးအောင် . . . ထိန်းသိမ်းတော့မည် . . .

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


# မြတ်ရွှေတိဂုံ

တေးရေး - ပြည့်သိမ်းဆွေ
တေးဆို - ကိုမင်းနောင်



ပြည့်သိမ်းဆွေ



ကိုမင်းနောင်

www.burmeseclassic.com

www.burmeseclassic.com


# မြတ်ရွှေတိဂုံ

တေးရေး – ပြည်သိမ်းဆွေ
တေးဆို – ကိုမင်းနောင်

■ မြတ်ဘုရားရွှေတိဂုံ . . . လေးဆူဓာတ်တော်ခိုလှုံ . . . ရည်စူးလို့သာ . . . ဖူးမျှော်ပါကုန် . . . ခြောက်သွယ်မီးရေပြည့်စုံ . . . ကျွန်းဇမ္ဗူမှာ . . အံ့ . . . ချီး . . . ၍ . . . မကုန် . . . . သိင်္ဂုတ္တရတောင်သေလာမှာ . များဝေနေယျာသဒ္ဒါပွားဖို့ . . . ထင်ရှားစွာပဲ . . . ကြုံတည်ထား . . . ဓာတုစေတီ . . . မွေသရီဓာတ်ပေါင်းစုံ . . ကျွန်းဇမ္ဗူမှာ . . . အံ့ . . . ချီး . . . ၍ . . . ကုန် . . . . .

■ တန်ခိုးတော်ဂုဏ် . . . ဗုဒ္ဓမြတ်ဘုရားဆံတော်စုံ . . . တည်ထားပုံ . . . အဓိကထင်ရှားစွာပဲကြုံ . . ဟိုရှေးက . . . ကုန်သည် . . . ညီနောင် . . . တူစုံ . . . မဇ္ဈိမကိုသွား . . . ဘုရားပွင့်တာနဲ့ . . . အခါတော်ကြုံ ပျားမုန့်ဆွမ်းတွေလှူပါကုန် . . အပေါဝတပြည့်စုံ . . . မနောဟာဒယမွေ့ပုံ . . . အနာဂတ်ဉာဏ်တော်အဟုန် ချီးမြှင့်ပါတဲ့ . . . ရှစ်ဆူသရီဓာတ်ပုံ . . .

■ ဥက္ကလာတိုင်းကိုဆောင်ယူမယ်ယုံ . . . ညီနောင်တဖုသနဲ့ . . . ဘလ္လိကတို့ . . . ရေယာဉ်စီးကာစုန် ဌာနီရွှေဘုံ . . . ပြန်ရောက်မှုကြုံ . . . ဗိုလ်ခြေများစွာ . . . ဖူးမြော်ကြပုံ . . . ကျွန်းဇမ္ဗူမှာ . . . အံ့ချီး၍မကုန် . . . ကဿပဂုဏ် . . . ကော . . . ဏာဂုံ . . . . .

■ ကကုသန်ဘုရားရယ် . . . ဂေါတမဘုရားရယ် . . . ရည်စူးလို့သာ . . . ပူဇော်ကြကုန် . . . မွေသရီလေးဆူဓာတ်ပုံ ကျွန်း . . . ဇမ္ဗူမှာ . . . အံ့ . . . ချီး . . . ၍ . . . မကုန် . . . . .

www.burmeseclassic.com

www.burmeseclassic.com



# မြတ်ရွှေတိဂုံ

တေးရေး-ပြည်သိမ်းဆွေ
တေးဆို-ကိုမင်းနောင်




www.burmeseclassic.com

www.burmeseclassic.com


# ရွှေမန်းဆီသို့

တေးရေး – ဦးဘသိန်း
တေးဆို – မစိမ်းစိမ်း



ဦးဘသိန်း



မစိမ်းစိမ်း

www.burmeseclassic.com

www.burmeseclassic.com



# ရွှေမန်းဆီသို့

တေးရေး – ဦးဘသိန်း
တေးဆို – မစိမ်းစိမ်း

■ ရွှေမန်းဆီသို့ ... တစ်ခါတစ်ခေါက်ဖြင့် ... ရောက်စေချင်သည် ... ကျုံးတော်ပတ်လည် ... မြမြို့ရိုး ပြအိုး ... ပစွင် ... ကာယံကာ ... အတည် ... မြန်မာစံဌာနီ . . . သာယာပါပေသည် . . . ရေရိပ်ရေအောက်ဆီ နေခြည်ဟပ်ကာ . . . အလွန်ပနံရလှသည် ....

■ ရှုဖွယ်စုံညီ ... ရွှေနန်းတော် ... အရှေ့ဆီ ... မြရည်ညိုညို တောင်တန်းတွေက ... မှုန်ရီ ...ငါးရုံ့မင်း စေတီ ... တောင်တော်ထူး အောင်ပင်လယ်ရာပြင်ဦးက ... ဖူးနိုင်ပါသည် ... အထူးပဲ ... အစဉ် ဖိတ်ခေါ်ပါသည် .....

■ (ဟိုမှသည် . . . အရောက်သွားလို့ . . . မန္တလေးတောင်တော်ဆီ . . . တစ်ထောက်နားမည် ... မြင်ကွင်းကျယ်ကျယ် ... ပတ်ဝန်းကျင်ဝယ် ... မှန်းလို့ရှုရမည် ...)၂ မှုန်ရီမှေး ... ဟိုအဝေးက ... စေတီ သခင်မတောင်တော် ...မဟီ .. ရှင့် ... အနောက်မြောက်ယွန်းတော့ ... မင်းကွန်း ... ထိုစေတီ ... ဖူးတွေ့ရမည် ... ရောဝတီမြစ်ကြောင်းဆက်ကာ .. အနောက်ဘက်မှာ ... ရှုကြည့်ပါ ... ပုထိုး .. စေတီထူး ဦးချီ ... စစ်ကိုင်းမင်းဝံဆီ .....

■ စစ်ကိုင်းတောင်တော်အဆုံးဆီ . . . ဖေယျာရွှေပြည်ညို့မှိုင်းလျက် . . . တည်သည်မှာဘက်ကမ်း ..ကြံ့ဂျက်ညီနောင်စံမြန်းတဲ့စေတီ .....မြူခြည်တွေထဲ ... မသဲမကွဲ ... ဖူးတွေ့နိုင်သည် ...

■ ဒါတွေစုံပါပြီ ...မြို့တွင်းကိုလှည့်လည် .... ဝေယံဘုံ ... ပမာနန်းဆောင်တမျှ ... သိင်္ဂါ ရွှေရောင် ... ထိန်ဝါဝေပြောင် ... အလှျံကိုဆောင် ... မြို့တောင်အဖျားဆီ ... မှန်းရည် ... မဟာမြတ်မုနိ ... ကိုယ်တော်စံရာကိုပင် ... ဖူးတွေ့နိုင်ပါသည် . ...

www.burmeseclassic.com

www.burmeseclassic.com

# ရွှေမန်းဆီသို့

တေးရေး–ဦးဘသိန်း
တေးဆို–မစိမ်းစိမ်း



www.burmeseclassic.com

www.burmeseclassic.com


# လုလင်ငယ်သွေး

တေးရေး - ကိုရဲအောင်+ထီလာစစ်သူ
တေးဆို - ကိုမင်းနောင်



ထီလာစစ်သူ



ကိုမင်းနောင်

www.burmeseclassic.com

www.burmeseclassic.com


# လုလင်ငယ်သွေး

တေးရေး – ကိုရဲအောင်+ထီလာစစ်သူ
တေးဆို – ကိုမင်းနောင်

■ (မည်သူမဆို ... ကူညီသည်ဖြစ်စေ ... မည်သူမဆို ... မကူညီသည်ဖြစ်စေ . . . ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝအခြေအနေ . . . ကိုယ့်အားကိုယ်ကိုးမှ . . . ကိုယ်သာသခင်ဖြစ်ပေ ... ဝန်ထမ်း ... ရှင် ... လန်း ပန်းတိုင်ကိုအရောက် ... လျှောက်နိုင်ဖို့လေ ... လုလင်ငယ်သွေး ... အားမာန်မွေးရမလေ ...)၂

■ (ရှေ့သို့သာသွား . . . သောကြာကြယ်အလား . . . ဘဝဆိုတာများ . . . နောက်မပြန်နဲ့လေ ... အလုပ်ကိုသာ ... မနားမနေ ... တိုးတက်အောင်ဆုရွေ ... ဖွဲ့ ... လုံ့လနဲ့အားစိုက်သွန်သည် ... မြေ )၂

■ (ယောက်ျားပီပီ ... ကတိတစ်လုံး ... မပျက်ပေါင် ... နှလုံးသွင်းဆောင်ယူစေ ... အသက်သွေးလို သဘော .. ပိုက်ကာ ... ထိန်းသိမ်းလာသမျှ ... တွေ ... )၂

■ မည်သူမဆို .... ကူညီသည်ဖြစ်စေ ... မည်သူမဆို ... မကူညီသည်ဖြစ်စေ ... ကိုယ်ထူကိုယ်ထ ကိုယ့်ဘဝအခြေအနေ ... ကိုယ်အားကိုယ်ကိုးမှ ... ကိုယ်သာသခင်ဖြစ်ပေ . . . ဝန်ထမ်း . . . ရှင် . . . လန်း ပန်းတိုင်ကိုအရောက် . . . လျှောက်နိုင်ဖို့လေ ... လုလင်ငယ်သွေး ... အားမာန်မွေးရမလေ

www.burmeseclassic.com

www.burmeseclassic.com



# လုလင်ငယ်သွေး

တေးရေး–ကိုရဲအောင်+ထီလာစစ်သူ
တေးဆို–ကိုမင်းနောင်




www.burmeseclassic.com

www.burmeseclassic.com

# လက်ပံပွင့်ကောက်အရောက်လာမယ်

တေးရေး – ဗိုလ်ကလေးတင့်အောင်
တေးဆို – အေးအေးသွယ်+အဖွဲ့



ဗိုလ်ကလေးတင့်အောင်



အေးအေးသွယ်

www.burmeseclassic.com

www.burmeseclassic.com



# လက်ပံပွင့်ကောက်အရောက်လာမယ်

တေးရေး – ဗိုလ်ကလေးတင့်အောင်
တေးဆို – အေးအေးသွယ်+အဖွဲ့

■ (နွေမိန်တပေါင်း . . . နေရှိန် . . . လောင်း . . . ရွက်ဟောင်းကြွေကျ . . . မြေခ . . . ခဲ့ပြီကွယ် . .)၂

■ (လေရူးသုန်သုန် . . . မြူမှုန်လွင့်ပါး . . . ကစားပြန့်ပြူး . . . ရာသီဦးဝယ် . . . ကြည်နူးစရာတို့ရွာဖျားမယ် ကြီးမားပင်စည်ပွင့်နီ . . . လက်ပံ . . . ဝဲပျံ . . . မြေပေါ်လျောင်းစက်ပျော်တယ် . . .)၂

■ တို့ရွာသူ . . ပျိုဖြူတစ်သင်းမယ် သီချင်းသံပြိုင် . . . သီကာရယ် . . . သီချင်း သံပြိုင် . . သီကာရယ် လက်ပံပွင့်ကောက် . . . အရောက်လာတယ် . . . ရွာဓလေ့မို့ . . . မွေ့ပျော်ဖွယ် . . ရွာဓလေ့မို့ . . . မွေ့ပျော်ဖွယ် သူဦး . . . ကိုယ်ဦး . . . မြူးတူးလုယက် . . . ပျော်ကွက်ကိုရှာ . . နှစ်သိမ့် . . . ကာနေမယ် . . . နွေမိန် . . . တပေါင်း . . နေရှိန်လောင်း . . . ရွက်ဟောင်း . . . ကြွေကျ . . . မြေခ . . ခဲ့ပြီကွယ် . .

www.burmeseclassic.com

www.burmeseclassic.com


# သူဇာ

တေးရေး - တက္ကသိုလ်စိုး
တေးဆို - ကိုစိုးအောင်



တက္ကသိုလ်စိုး



ကိုစိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



# သူဇာ

တေးရေး – တက္ကသိုလ်စိုး
တေးဆို – ကိုစိုးအောင်

■ (သူဇာပျို့ရယ် ... မိုးကျနတ်မယ်လို ... လှနိုင်သူကလေးရယ် ... မူရာစုံတယ် ... အချိုးကျလှသူရယ် .အဖိုးထိုက်သူကလေးရယ် ...)၂ ရှေးအခါ ... တကယ်ပင် .. တော်လေးဝလို ... သဘောမှာ ... ချိုလွှန်းတယ် အပြောမှာ ... ချိုသာလွန်းသောစကားတွေ ... မောင့်ကို ... ဆိုလို့ရယ် ... အဆုံးမသတ်အောင် ... သဒ္ဓါပိုတယ် ... သူဇာပျို့ရယ် ... မိုးကျနတ်မယ်လို ... လှနိုင်သူကလေးရယ် .. မူရာစုံတယ် ... အချိုး ကျလှသူရယ် ... အဖိုးထိုက်သူကလေးရယ် ...

■ (အသည်းထဲဝယ် ... စွဲ ... စွဲတယ် ... မြဲလှပါတယ် ...)၂ ချစ်လှတယ် ... ကြိုက်လှတယ် .ပစ်မရနိုင်တယ် ... သူ ... သူဇာ ... ပျို့ဖြူရယ် ... မူမူရာပိုသူရယ် ... ချစ်တုံ့ပြန်ကွယ် ...

■ (ရှေးအခါကကွယ် ... မင်းပပ နှယ် ... အတူပြိုင်ရင် ... သူဇာကကွယ် ... မတုနိုင်တယ် .မပနိုင်တယ် ..အလှပြိုင်ရင် ... တကယ်ရှုံးမယ် ...)၂ ဝင်းဝင်းပပ . .. ခင်ပြုံးမယ် ... အဆင်းလည်းလှတဲ့ .နတ်ပန်းချီနွယ် ... စောဥမ္မာဆိုတာရယ် .. စာတွေ့ပါကွယ် ... ငါတွေ့သာ ပြောရင်တော့ကွယ် .ချောတယ် .ချောတယ် ... မနောဖြူကလေးရယ် ...

■ အသည်းထဲဝယ် ... စွဲ ... စွဲတယ် ... မြဲလှပါတယ် ... ချစ်လှတယ် ... ကြိုက်လှတယ် ... ပစ်မရနိုင်တယ် ... သူ ... သူဇာ ... ပျို့ဖြူရယ် ... မူမူရာပိုသူရယ် ... ချစ်တုံ့ပြန်ကွယ်

www.burmeseclassic.com

www.burmeseclassic.com

# သူဇာ

IL

တေးရေး–တက္ကသိုလ်စိုး

တေးဆို–ကိုစိုးအောင်




www.burmeseclassic.com

www.burmeseclassic.com

# သက်ဆိုင်သူမှ သက်ဆိုင်သူသို့

တေးရေး – ဗိုလ်ကလေးတင့်အောင်
တေးဆို – ဝဏ္ဏကျော်ထင်ဒေါ်ကြည်ကြည်မြေး



ဗိုလ်ကလေးတင့်အောင်



ဝဏ္ဏကျော်ထင်ဒေါ်ကြည်ကြည်မြေး

www.burmeseclassic.com

www.burmeseclassic.com

# သက်ဆိုင်သူမှ သက်ဆိုင်သူသို့

တေးရေး - ဗိုလ်ကလေးတင့်အောင်

တေးဆို - ဝဏ္ဏကျော်ထင်ဒေါ်ကြည်ကြည်ဌေး

■ (သက်ဆိုင်သူသို့ . . . ပို့မေတ္တာတေးလွှာဝေ . . . ဘေးဘယာတွေ . . . ကင်းပါစေ . . . သပြေနု .ငွေခရု .ဇေယျတု . . . ပြုတယ်လေ . . . မေ့မေတ္တာ . . . မေ့မေတ္တာ . . သောက်ကာသုံး . . . ပြုံးရွှင်စေ . . .)၂

■ သက်ဆိုင်သူရေ . . . မေ့အသံအား . . . မှတ်မိပါရဲ့လား . . . လေ . . . လွမ်း . . . တသသ . . . မှန်းဆ .ကာနေ . . . မှန်းဆကာနေ . . . နေ့တွေလတွေ . . . ပြောင်းလာရွှေ့ . . . ဟောင်းကာ . . . မမေ့ . . . ချစ်ငွေ့တဝေ .ဝေ . . . သက်ဆိုင်သူ . . . မောင့်ကိုပဲ . . . သက်ဆိုင်သူ . . . မောင့်ကိုပဲ . . . အမြဲမျှော်ကာ . . . အမြဲမျှော်ကာ စောင့်ကြိုပါတယ် . . . လေ . . . . .

■ နှစ်ကိုယ်တူ . . . ပွေ့ငူခန်းထက် . . . မြန်းစက်ကာလေ . . . ဩော် . . . ကမ္ဘာအသချော် . . . ဆုံးသရွေ့ .မုန်းမေ့ပါဘူး . . . လှမျှုးယုံစေ . . . ဩော် . . . လှမျှုးယုံစေ . . . ဩော် . . . ခွန်းသွဲ့သွဲ့ . . . ပြောတဲ့စကားတွေ မေ့နားမှာလေ . . . အစဉ်ကြားလို့နေ . . . သော်တာစမ်း . . . နန်းလွှာငွေ . . . မျှော်ကာမှန်း . . . လွမ်းပါသလေ .လွမ်းပါသလေ . . . သက်ဆိုင်သူရေ . . . မေ့အသံအားမှတ်မိပါရဲ့လားလေ . . . လွမ်းတသသ . . . မှန်းဆကာနေ .မှန်းဆကာနေ . . . နေ့တွေ လတွေ ပြောင်းလာရွှေ့ ဟောင်းကာ . . . မမေ့ . . . ချစ်ငွေ့တဝေဝေ . . . (သက်ဆိုင်သူမောင့်ကိုပဲ . . . )၂ အမြဲမျှော်ကာ . . . အမြဲမျှော်ကာ စောင့်ကြိုပါတယ်လေ

www.burmeseclassic.com

www.burmeseclassic.com



# သက်ဆိုင်သူမှ သက်ဆိုင်သူသို့

တေးရေး-ဗိုလ်ကလေးတင့်အောင်

တေးဆို-ဝဏ္ဏကျော်ထင်ဒေါ်ကြည်ကြည်ဌေး




www.burmeseclassic.com

www.burmeseclassic.com



# သစ်ခြောက်ပင်အောက် ပန်းကောက်သူ

တေးရေး – ပျဉ်းမနားမြင့်လှိုင်
တေးဆို – မောင်မောင်ကြီး



ပျဉ်းမနားမြင့်လှိုင်



မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com


# သစ်ခြောက်ပင်အောက် ပန်းကောက်သူ

တေးရေး – ပျဉ်းမနားမြင့်လှိုင်
တေးဆို – မောင်မောင်ကြီး

■ ပန်းများ . . . မပွင့်သော . . . မြေပြင်လွှာ . . . ကြယ်စင်မရှိသော . . . မိုးကောင်းကင်ပမာ . . ကြင်နာမှုကင်းကွာ . . . ချစ်မေတ္တာယွင်းပျက်လာ . . . သူ့အသည်းနှလုံးမှ . . . အလှသစ္စာ . . ဟူသမျှ . . . ဆိတ်သုဉ်းပြီလား . . . ယုံမှားမှတ်ထင်စရာ . . . . . လူသတ္တဝါ . . . သဘာဝ . . . အရွယ်အသိက . . . ဖိနှိပ်လှုပ်ခပ်လာ . . . ချစ်တတ်သောစိတ် . . . မျိုသိပ်မရပါ . . . ရင်ထဲက . . . အဘိဓမ္မာစကား . . . မမြင်ဘဲပ သိလာကြား . . . မျက်လုံးလေးများကတစ်ဆင့် . . . ဖွင့်ဟသည့် . . . ချစ်ခွန်းလွှာ . . . တစ်ဦးနဲ့တစ်ဦး . . . ကူးလူးဆက်သွယ် . . . ယှက်နွယ်လာ . . . ချစ်ခြင်းမေတ္တာပါ . . .

■ လှပသော . . . အပြုံးပန်းများ . . . နှုတ်ခမ်းပါးဝယ် . . . မှီတွယ်ဖူးပွင့်ကာ . . . ကြည်နူးရင်တွင်း အသည်းလေးက . . . ချစ်တေးသီကြွေးရှာ . . . သူ့ရဲ့အလှ . . . ပွင့်ချပ်လွှာ . . . ကိုယ်လိပ်ပြာခိုနားခြင်းဌာ စောင့်စားရ . . . နေ့ညအခါခါ . . . မျှော်လင့်ချက်ဆက်ဆက် . . . သံသရာ . . . ခရီးသည်တစ်ဦး . . . စိတ်ကူးတဲ့ဝဏ်ပါ . . .

■ ရေပြင်ကြည့်တော့ . . . ထင်သည့်ရုပ်ဝါ . . . ကြေးမုံမှန်ပြင် . . . ရှုမြင်သည့်အတိုင်း အတာ . . ရောင်ပြန်ဟပ်သော . . . သဘော . . . ဓမ္မတာ . . . သို့သော် . . . ကိုယ့်အတွက်တော့ . . . ခက်ခဲတဲ့ . . . ပြဿနာ မေတ္တာစေသော်ငြား . . . လားလားမှ . . . တုံ့ပြန်မလာ . . . ဥပက္ခာ၏သမီးကညာသူ့အသည်းက . . . ကျောက်သားကျောက်ဖြာ . . . စိတ်အထာ . . . တစ်ဆိတ်စာလွန်ကဲစွာ . . . မိုးနှယ်မြင့်မား . . . တိမ်နှယ်လွင့်ပါး . ကိုယ့်ရဲ့အဖြစ်ကို . . . တွက်စစ်ကြည့်ရာမှာ . . . သစ်ခြောက်ပင်အောက် . . . ပန်းကောက်လေသူ . . . ပမာ သစ်ခြောက်ပင်အောက် . . . ပန်းကောက်လေသူ . . . ပမာ . . .

www.burmeseclassic.com

www.burmeseclassic.com

# သစ်ခြောက်ပင်အောက် ပန်းကောက်သူ

တေးရေး-ပျဉ်းမနားမြင့်လှိုင်
တေးဆို-မောင်မောင်ကြီး




www.burmeseclassic.com

www.burmeseclassic.com


# အလှဆင်ပါဆောင်း

တေးရေး – ကိုလေးလွင်
တေးဆို – မြင့်မြင့်စိန်



ကိုလေးလွင်



မြင့်မြင့်စိန်

www.burmeseclassic.com

www.burmeseclassic.com

# အောင်

တေးရေး – တက္ကသိုလ်စိုး

တေးဆို – မာမာဝေ



တက္ကသိုလ်စိုး

www.burmeseclassic.com

www.burmeseclassic.com


# အောင်

တေးရေး – တက္ကသိုလ်စိုး
တေးဆို – မာမာဝေ

■ (အပေါင်းအသင်းနဲ့ . . . ချစ်ဆွေတွေ . . . အ . . . အကွာရာ . . . အောင်စေ . . အောင်စေ . . .ကောင်းသောနိမိတ်ပြည့်ကာလေ . . . အ . . . အကွာရာ . . . အောင်နိုင်ကြစေ . . .)၂ အောင်စေရာ . . အောင် ကြောင်းနဲ့လေ . . . အောင်ပန်းနဲ့ . . . အောင်စခန်းမြင်စေ . . . ကြံစည်ရာ . . . အရေးတို့တွေ . . လောကီရေး .လောကုတ္တရာမလေ . . . (အောင်ပါစေ . . . အောင်နိုင်စေ . . . အောင်ပါစေ . . . အောင်နိုင်စေ . . . ကြံစည်တိုင်း .ပြည့်ဝကြစေ . . . လိုရာလည်း . . . ပြည့်စုံကြစေ . . .)၂ အောင် . . . အောင်သပြေ . . . ဆွတ်ကာချွေ . . . အောင်နိမိတ်တွေပြည့်တဲ့ . . . တို့တိုင်းပြည်(ပြေ) . . . . .

www.burmeseclassic.com

www.burmeseclassic.com


# အောင်

တေးရေး-တက္ကသိုလ်စိုး
တေးဆို-မာမာဝေ

‖: 05 43 26 1 | 07 63 55 55 |
အပေါင်းအသင်းနဲ့ ချစ်ခြင်းတွေ အာ အက္ခရာ အောင်စေ အောင်စေ

| 05 #43 26 2 | 07 65 12 31 :‖
ကောင်းသောနိမိတ်ပြည့်ကာလေ အာ အက္ခရာ အောင်နိုင်ကြစေ

| 01 12 3 5 #4 3 | 06 76 56 35 |
အောင်စေရာ အောင်ကြောင်းနဲ့လေ အောင်ပန်းနဲ့ အောင်စခန်းမြင်စေ

| 01 12 31 76 | 02 72 2257 2 |
ကြံစည်ရာ အရေးတို့တွေ လောကီရေး လောကုတ္တရာမလေ

‖: 5 55 11 1 | 6 66 33 3 | 05 61 65 32
အောင်ပါစေ အောင်နိုင်စေ အောင်ပါစေ အောင်နိုင်စေ ကြံစည်တိုင်းပြည့်ဝကြ

| 01 23 76 75 :‖ 03 56 76 2 |
လိုရာလည်းပြည့်စုံကြစေ အောင် အောင်သပြေ ဆွတ်ကာချွေ

| 03 53 53 23 | 1 ‖
အောင်နိမိတ်တွေပြည့်တဲ့ တို့တိုင်းပြေ (ပြည်)

www.burmeseclassic.com

www.burmeseclassic.com


# အလှဆင်ပါဆောင်း

တေးရေး – ကိုလေးလွင်
တေးဆို – မြင့်မြင့်စိန်

■ ဆောင်းပန်းဦးပင် ... ငွေစင် ... ငွေဖူး ... ညှာခြေ ... တင့်တယ် ... ငုံပြေ ... ချစ်ရပ်ဝန်း သွန်းဝေ့လယ် ... ဆောင်းရာသီကို ... သတိရတယ် ... ဆန်းတုံ ... ပြာသို ... ပင်တိုင်းညို့လို့ ... မြလို ပျံ့မွှန်းစွာပဲ ... သည်နှစ်လည်းကွယ် ... အလှဆင်ပါဆောင်းရယ် ... ကျွန်မ ... ညင်သာတောင်းပန်တယ်

■ (မြူခြေဆိုင်းတယ် ... မြေပြန့် ... ဝိုင်း ... လည်ဝေနိုင်ဘိ ... အိုဘယ့် နှင်းတွေရယ် ... )၂ ပျပျ ... မွှေးမွှေး ... ရွှရွှ ... ဖွေးဖွေး ... ရဲရဲလှတဲ့ .. ပန်းတွေနဲ့ရယ် ... သည်နှစ်လည်းကွယ် ... အလှဆင်ပါဆောင်းရယ် ... ကျွန်မ ... ညင်သာ ... တောင်းပန်တယ်

BURMESE CLASSIC .com

■ ကိုရွှေ ... နှင်းရယ် ... ပျိုမေကိုလည်း ... ညှင်းနဲ့နော် ... ငယ်စဉ်ကိုပဲ ... မှန်း... လွမ်းမိတယ် မမေ့နိုင်ပဲကွယ်... အချစ်ဦးနဲ့ဆုံခဲ့တဲ့... ဆောင်းရာသီလေးရယ် ... ခတိုင်းတွေးဆဲ ... ခတိုင်နွေးဆဲ မယ့်ရင်ထဲက ... ပျယ်ပျယ်ဘို့ဝေးတယ် ...

www.burmeseclassic.com

www.burmeseclassic.com


# အလှဆင်ပါဆောင်း

တေးရေး–ကိုလေးလွင်
တေးဆို–မြင့်မြင့်စိန်



www.burmeseclassic.com

www.burmeseclassic.com



# အိုဘယ့်တံချူရှင်

တေးရေး – အလင်္ကာကျော်စွာစိန်ဝေလျှံ

တေးဆို – ခင်စန်းကြည်



အလင်္ကာကျော်စွာစိန်ဝေလျှံ



ခင်စန်းကြည်

www.burmeseclassic.com

www.burmeseclassic.com



# အိုဘယ့်တံချူရှင်

တေးရေး – အလင်္ကာကျော်စွာစိန်ဝေလှံ့

တေးဆို – ခင်စန်းကြည်

■ ခိုင်သဇင်ပင်မြင့်ထက်တွင် . . . လေသင့်ရာမွှေးရနံ့တွေရွှင် . . . ကပိုကရို . . . မခို့တရို့နဲ့ . . .အလှသွေးတွေဝင် .ကြွားကြွား . . . ဝင့်ဝင့်ငွားငွား . . . စွင့်စွင့်လျှမ်းတင့်တဲ့ . . . ပန်းပွင့်မာလာ . . . သဇင် . . . (ဝေလွှင်လွှင် . . . ပင်မြင့်ထက်က . . . အလှဖူးကလေးကို . . . ခူးမဲ့တံချူရှင် . . . )[၂] ပစ္စည်းဂုဏ်ဓနဂုဏ်နဲ့ပင် . . . မြူလို့သာ . . . လှမ်းဆွတ်မဲ့သူ . . . အို . . တံချူရှင် . . .

■ ရလိမ့်မယ်လို့ . . . မထင်နဲ့ . . . ရလိမ့်မယ်လို့ . . . မထင်နဲ့ . . . နွမ်းလျက်သာစော . . . အမောသာအဖတ်တင် . . . သဇင်ငုံဆင့်မှုန်တစ်ပွင့်ကို . . . ဘဝတူယှဉ်ကြင်လိုချင်ရင် . . . အိုဘဲ့တံချူရှင် .အိုဘဲ့တံချူရှင် . . .မြန်မာ့သားကောင်းသာဖြစ်ပါစေ . . . မြန်မာ့သားကောင်းသာဖြစ်ပါစေ . . . တံချူတွေတောင်ဆောင်ဖို့ .မလိုပေါင်ရှင် . . . ခရီးကြိုလင့် . . . ဆင့်ကာ . . . လွှင့်ကာ . . . ကြွေကျလာမယ်အစဉ် . . .

■ (မဥ္ဇူရွှေတစ်ခက် . . . ချူရေးခက်တဲ့ . . . အလှငွေသဇင်ကို . . . ရွှေရုပ်လို အလှထူးသူက . . . အရခူးမယ်လို့ဟန်ပြင် . . . နွမ်းလျက်နဲ့ . . . မဖယ်ချင် . . . အလှမ်းခက်တဲ့ နွယ်သဇင် . . . ဘယ်လိုပင်လက်ကမ်း .လှမ်းဆွတ်လို့ . . . ရလိမ့်မယ် . . . မထင်)[၂] . . . အို . . . တံချူရှင် . . . သင့်လိုလူကို . . . မဆိုထားနဲ့ . . . အလှဂုဏ် ဓနဂုဏ် . . . ပညာဂုဏ် . . . စွယ်စုံတောက်လို . . . ဂုဏ်မောက်ကအမျိုးမျိုးနဲ့ . . . ဗန်းပြလာကာပြင် . . .

■ ရလိမ့်မယ်လို့မထင်နဲ့ . . . . . . . . . . . . . . . . . . . . . . . ကြွေကျလာမယ်အစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အိုဘယ့်တံချူရှင်

တေးရေး–အလင်္ကာကျော်စွာစိန်ဝေလှံ့

တေးဆို–ခင်စန်းကြည်




www.burmeseclassic.com

www.burmeseclassic.com

၁။ ကသစ်ပန်း
၂။ ကျေးစေတမန်
၃။ ခရေပင်အောက်ကပိတောက်ချစ်သူ
၄။ ချောကလျာ
၅။ ချစ်ပြုံးနှင်းဆီ
၆။ ချစ်ရေစင်
၇။ ခွင့်မပန်ဘဲသွားပါနဲ့ကွယ်
၈။ ဂီတဗိမာန်
၉။ စမ်းရေအိုင်
၁၀။ စိမ်းလဲ့ညို
၁၁။ ဆုံးကမ္ဘာမြေသို့တိုင်
၁၂။ ဆောင်း
၁၃။ ဆောင်းကြာခြည်
၁၄။ ဆောင်းနှင်းမြူနဲ့ကိုယ့်ချစ်သူ
၁၅။ ဆောင်းရယ်၊ နှင်းရယ်၊ ကိုယ့်ချစ်သူရယ်
၁၆။ ဆောင်းအမီ
၁၇။ ဇေယျာရွှေမြေ
၁၈။ တက္ကသိုလ်မှာဝေတဲ့နှင်း
၁၉။ တစ်ဆောင်းသစ်ပြန်ပြီ
၂၀။ တစ်ပင်တိုင်မင်းသားကြီး
၂၁၊ တန်ပါ့မဘုရား
၂၂။ တိမ်တမန်
၂၃။ နပန်းဆံ
၂၄။ နေ့စဉ်ပိတောက်ပွင့်ပါစေ
၂၅။ နွေဦးတေးသံ
၂၆။ နှင်းတွေဝေမှဖြင့်
၂၇။ နက်ဖြန်သို့မဟုတ်ဘယ်သောအခါ
၂၈။ နတ်သျှင်နောင်
၂၉။ ပေဖူးလွှာ
၃၀။ ပန်းပိတောက်တွေကြွေရာမြေ
၃၁။ ပျိုနုတောင်း
၃၂။ ဖက်ဖူးဆင်ခင်ခင်ကြိုက်တယ်
၃၃။ မလေးလက်ခတ်သံ
၃၄။ မလွမ်းဘယ်သူနေပါ့မယ်
၃၅။ မေ
၃၆။ မိုး
၃၇။ မိုးသက်လေနှင်
၃၈။ မိန်ရာသီ
၃၉။ မုန်းရစ်လေဦး
၄၀။ မြပန်းခွေ
၄၁။ မြတ်ရွှေတိဂုံ
၄၂။ ရွှေမန်းဆီသို့
၄၃။ လုလင်ငယ်သွေး
၄၄။ လက်ပံပွင့်ကောက်အရောက်လာမယ်
၄၅။ သူဇာ
၄၆။ သက်ဆိုင်သူမှသက်ဆိုင်သူသို့
၄၇။ သစ်ခြောက်ပင်အောက်ပန်းကောက်သူ
၄၈။ အလှဆင်ပါဆောင်း
၄၉။ အိုဘယ့်တံချူရှင်
၅၀။ အောင်

BURMESE CLASSIC .com

www.burmeseclassic.com